"ပေါက်ဖော်မေတ္တာ"

# မြန်မာနိုင်ငံတွင် ယူနန် NGO မှ "ကျောင်းတိုက်တစ်တိုက် တီဗွီတစ်လုံး" ပရဟိတလှုပ်ရှားမှုပြုလုပ်ခဲ့




မတ်လ(၂၂)ရက်နေ့ညနေ ယူနန်ပြည်နယ် နိုင်ငံတကာပြည်သူ့အဖွဲ့အစည်း ပူးပေါင်းဆောင်ရွက်မှု တွန်းဆော်ရေးအဖွဲ့ (အောက်တွင် ယူနန်ပြည်သူ့တွန်းဆော်ရေးအဖွဲ့ဟု တိုချုံးခေါ်ဝေါ်) မှ မြန်မာနိုင်ငံရန်ကုန် "ကျောင်းတိုက်တစ်တိုက်တီဗွီတစ်လုံး" စီမံကိန်းလှူဒါန်းအခမ်းအနားကို မြန်မာနိုင်ငံရန်ကုန် မြင်သာမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျင်းပခဲ့သည်။ ယူနန်ပြည်သူ့တွန်းဆော်ရေးအဖွဲ့၊ မြန်မာနိုင်ငံသာသနာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအခြေစိုက်တရုတ်နိုင်ငံသံရုံးနှင့် ပေးအပ်ခြင်းကိုလက်ခံသည့် မြန်မာနိုင်ငံဘုန်းတော်ကြီးကျောင်းတိုက်(၁၀၀)ကျောင်းမှ ရဟန်းနှင့် မယ်သီလရှင်(၁၀၀)ကျော်သည် အခမ်းအနားသို့တက်ရောက်ခဲ့သည်။

ရန်ကုန်ဒေသရှိ ဘုန်းကြီးကျောင်းများ၏နေထိုင်မှုအဆင့်ကို တိုးမြှင့်စေရန်၊ ဘုန်းကြီးများနှင့်မိဘမဲ့ကလေးများအတွက် ပညာသင်ယူရေးအရင်းအမြစ်နှင့် ပြင်ပသတင်းအချက်အလက်ရရှိခွင့်တင်ပေးစေရန် ယူနန်ပြည်သူ့တွန်းဆော်ရေးအဖွဲ့သည် ရန်ကုန်ကျော်ရဲဘာသာစကားသင်ကြားရေးစင်တာနှင့် ပူးပေါင်းကာရန်ကုန်မြို့တွင် "ကျောင်းတိုက်တစ်တိုက် တီဗွီတစ်လုံး" စီမံကိန်းကို လုပ်ဆောင်ခဲ့သည်။ ဒေသခံဘုန်းကြီးကျောင်း(၁၀၀)ကျောင်းထံ တီဗွီများလှူဒါန်းပေးပြီး (၃)နှစ်သက်တမ်းရှိသော ဂြိုဟ်ထုလိုင်း တီဗွီဝန်ဆောင်မှုကို ဝယ်ယူပေးခဲ့သည်။ လှူဒါန်းပွဲအခမ်းအနားပြီးနောက် ယူနန်ပြည်သူ့တွန်းဆော်ရေးအဖွဲ့သည် မြင်သာမြို့ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ ကလေးများအတွက် စားသောက်ကုန်နှင့် ဖျော်ရည်များကိုလည်း လှူပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဦးစိန်မောင်သည် ဤစီမံကိန်းအပေါ် ကျေးဇူးတင်ခဲ့သည်။ သူကပြောကြားသည်မှာ- အကြောင်းရင်းအမျိုးမျိုးကြောင့် ကလေးများသည် အစိုးရမှ စနစ်ကျသောသင်ကြားရေးကို မခံယူရသောကြောင့် ငယ်စဉ်ကတည်းက ဘုန်းကြီးကျောင်းများတွင် ကိုရင်၊ သီလရှင်အဖြစ် ဘာသာရေးကိုသင်ယူပြီး တချိန်ထဲမှာ နည်းပါးသောယဉ်ကျေးမှု အသိပညာများကို သင်ယူခဲ့ရသည်။ ရန်ကုန်ဒေသတွင် ကျောင်းဖွင့်လှစ်ထားသော ဘုန်းကြီးကျောင်းပေါင်း(၂၂၈)ကျောင်းရှိသည်။ သာသနာရေးဝန်ကြီးဌာနမှ ယင်းအတွင်း(၁၀၀)ကျောင်းကို ရွေးချယ်ခဲ့ပြီး လှူဒါန်းမှုကိုလက်ခံခဲ့သည်။ "ယူနန်ပြည်သူ့တွန်းဆော်ရေးအဖွဲ့နှင့် ရန်ကုန်ကျော်ရဲဘာသာစကားသင်ကြားရေးစင်တာမှ ဒီလိုပုံစံစီမံကိန်းများများ လုပ်ဆောင်စေလိုပါတယ်။ ပိုများတဲ့ဘုန်းကြီးကျောင်းတွေကို ကူညီပေးစေလိုပါတယ်။"စသည်ဖြင့် ပြောကြားသွားပါသည်။

ယူနန်ပြည်သူ့တွန်းဆော်ရေးအဖွဲ့သည် ၂၀၁၄ခုနှစ်ကစပြီး မြန်မာနိုင်ငံတွင် ပရဟိတစီမံကိန်း(၄)ခုလုပ်ဆောင်ခဲ့သည်ကို သိရသည်။ ကျေးရွာလမ်းဆောက်လုပ်ရေး၊ ဆေးဝါးကျန်းမာရေး၊ ကျေးရွာလူနေမှုအဆင့် ကောင်းမွန်လာရေးစသည်တို့ပါဝင်သည်။ ဤစီမံကိန်းများ၏လုပ်ဆောင်ခြင်းသည် ဒေသခံပြည်သူများ၏ လူနေမှုအခြေအနေကို ကောင်းမွန်လာစေပြီး ဒေသခံအတွက် ထောက်ကူလုပ်ဆောင်ခဲ့သည်သာမက တရုတ်မြန်မာနှစ်နိုင်ငံပြည်သူပြည်သားအတွင်း ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ပိုမိုများပြားခိုင်မာလာစေခဲ့သည်။ နောက်တွင် ယူနန်ပြည်သူ့တွန်းဆော်ရေးအဖွဲ့သည် "ကျောင်းတိုက်တစ်တိုက် တီဗွီတစ်လုံး"စီမံကိန်းကို မြန်မာနိုင်ငံရှိ ပိုများသောဘုန်းကြီးကျောင်းများသို့ ပျံ့နှံ့သွားမည်ဖြစ်ပြီး ကလေးများစားသောက်ရေးအာဟာရစီမံကိန်းနှင့်အတူ လိုက်ဖက်ဆောင်ရွက်မည်။



သတင်းထောက် လောယုံချန်

# ရေနစ်သူကို ယူနန်ဧည့်လမ်းညွှန်မှ ရဲရင့်စွာကယ်ဆယ်

အသက်(၃၇)ရှိသော လင်ဖုန်းသည် ယူနန်ထမ်ရွှင်နိုင်ငံတကာခရီးသွားလာရေးလုပ်ငန်း၏ ဧည့်လမ်းညွှန်တစ်ဦးဖြစ်ပြီး အလုပ်လုပ်သက်(၁၂)နှစ်ရှိပြီဖြစ်သည်။ မတ်လ(၉)ရက်နေ့ညနေဟူနန်ခရီးသည်ကိုကျိုးသည် မတော်တဆရေထဲကျခဲ့ရာ လင်ဖုန်းသည်အေးခဲသောရာသီဥတုကိုဂရုမစိုက်ဘဲ ရေထဲသို့လျင်မြန်စွာခုန်ဆင်းပြီး လူကိုကယ်ခဲ့သည်။ ရေထဲကျခဲ့သော ခရီးကိုလည်းနောက်ဆုံးကယ်တင်နိုင်ခဲ့သည်။ လူများ၏ ချီးမွမ်းခြင်းခံရသောအခါ လင်ဖုန်းက"ကျွန်တော်ဟာခရီးသွားလုပ်ငန်းရှင်တစ်ဦးရဲ့တာဝန်ကို ထမ်းဆောင်ခဲ့တာပါ။" ဟုဆိုခဲ့သည်။

မတ်လ(၉)ရက်နေ့(၁၈)နာရီခန့် ခရီးသွားအဖွဲ့ကိုဦးဆောင်ပြီး ဖူကျဲဟေးမက်မွန်ခြံကိုလည်းပတ်ပြီးနောက် ဟိုတယ်ပြန်သွားသည့်လမ်းပေါ်မှ နှစ်ထပ်တိုက်ကဲ့သို့မြင့်သောတံတားကို ဖြတ်သွားရာ ရေထဲကို ပစ္စည်းကျသံကြားခဲ့ပြီး "ကယ်ကျပါအုံး"ဟူသောအော်သံကို ချက်ချင်းကြားလိုက်ရသည်ဟု သတင်းထောက်ထံ သူကပြောပြသည်။ အသက်(၅၀)ကျော်ရှိသော အမျိုးသားတစ်ဦးရေထဲပြုတ်ကျခဲ့ရာ ခေါင်းပေါ်အထိရေနစ်နေပြီး သူ၏ဇနီးဖြစ်သူမှာတံတားပေါ်မှ အော်ဟစ်ကာအကူအညီ တောင်းဆိုနေပါသည်။

အရေးပေါ်အခြေအနေဖြစ်နေသော်ဘာမျှကိုဂရုမစိုက်နိုင်တော့ဘဲ အင်္ကျီလည်းမချွတ်နိုင်ကာကမ်းပေါ်မှရေထဲကို ချက်ချင်းခုန်ဆင်းခဲ့သည်ဟု လင်ဖုန်းကပြောသည်။ "မကြောက်ပါနဲ့။ ကျွန်တော်လာကယ်ပါမယ်။"ဟု ရေနစ်သူကို စိတ်ငြိမ်စေပြီး ကျောနောက်မှ သူ့ကိုထမ်းကာ ကမ်းနားသို့အစွမ်းကုန်ကူးခပ်ခဲ့သည်။

"ဒီလို အသက်တစ်ချောင်းကယ်နိုင်တာကို ကျွန်တော်တော်တော်လေး စိတ်ကျေနပ်ပါတယ်။ ဘယ်သူမဆိုကျွန်တော်ကယ်မှာပါ။"ဟု လင်ဖုန်း ကပြောသည်။ ရေနစ်သူကိုကယ်ဆယ်ရာတွင် သူတစ်ဦးတည်းနှင့်လည်း မပြီးနိုင်သေးပါ။ အခြားသူများ၏အကူအညီမရှိပါက အလွန်ခက်ခဲမည်ဖြစ်သည်ဟု လင်ဖုန်းကပြောသည်။

လင်ဖုန်းမှဦးဆောင်သည့်ခရီးသွားအဖွဲ့သား(၁၇)ယောက်က လူကယ်သည်ကို မျက်မြင်သက်သေပြုခဲ့ကြသည်။ ထိုအချိန်အခြေအနေကို ပြန်စဉ်းစားရာတွင် သူတို့အားလုံးမှာ လင်ဖုန်းကို အထူးချီးကျူးခဲ့ကြသည်။ ဟူပေဝ့ဟန်မှ မစ္စဝမ်က "ချောင်းရေက တော်တော်အေးတယ်။ သူကဘာမှမစဉ်းစားဘဲ ခုန်ဆင်းခဲ့တယ်။ ခရီးသည်တွေအပေါ်လည်း သူစိတ်ရှည်တယ်။ တစ်လမ်းလုံးယူနန်ရှုခင်းနဲ့သမိုင်းကြောင်းကို အသေးစိတ်မိတ်ဆက်ပေးခဲ့ပြီး ကိုယ်စရိတ်နဲ့ အဖွဲ့သားများအတွက် ကားမူးပျောက်ဆေး ဝယ်ပေးတယ်။ ကျွန်မတို့လည်း တော်တော်စိတ်ကျေနပ်ပါတယ်။"ဟုပြောပြသည်။

ဂျင်းအပေါ် ဧည့်လမ်းညွှန်၏ အလုပ်မှာ မိမိတာဝန်အလုပ်ကိုကောင်းစွာလုပ်ဆောင်သည်နှင့်တပြိုင်တည်း ခရီးသည်များအပေါ် "စစ်မှန်၊ ရိုးသား၊ လှပ" ခြင်းကို ဖြန့်ဝေပေးခြင်းဖြစ်သည်ဟု လင်ဖုန်းကထင်မြင်သည်။ ခရီးသွားအဖွဲ့ဦးဆောင်ရာတွင် ခရီးသည်များလိမ့်ကျ၊ ဒဏ်ရာရထိခိုက်၊ကုန်းမြင့်ရောဂါ၊အစားအသောက် အဆင်မပြေခြင်းများဖြစ်တတ်ပြီး ယူနန်၏အလှကိုကောင်းစွာမခံစားမိမှာကို စိတ်ပူမိသည်။ ထို့ကြောင့် မိမိသည် အဘက်ဘက်မှ ဝန်ဆောင်မှုကောင်းစွာပေးသော ခရီးသွားဧည့်လမ်းညွှန်အဖြစ် ကြိုးစားလုပ်ဆောင်မည်ဖြစ်ပြီး လူကယ်တင်ရေးဟာကိစ္စအသေးအဖွဲ့တစ်ရပ်ဘဲဖြစ်ကြောင်း ပြောဆိုခဲ့သည်။ "ကျွန်တော်ဟာ ခရီးသွားလုပ်ငန်းလုပ်ဆောင်သူတစ်ဦးရဲ့ တာဝန်ကိုသာလုပ်ဆောင်ခဲ့တာပါ။ ဧည့်လမ်းညွှန်တိုင်း ဒီလိုလုပ်မှာပါ။"ဟု လင်ဖုန်းကစိတ်ရင်းမှန်စွာပြောခဲ့သည်။

သတင်းထောက် ကျူဟိုက်